ကလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ကလ တကသ)

Kalay University Students' Union (KUSU)

## (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ နှင့် ပတ်သက်၍
## ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်

၁။ ယနေ့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့သည် ချင်းအမျိုးသားတစ်ရပ်လုံး မြတ်နိုးထားအပ်သည့် (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်သည်။ ချင်းအမျိုးသားနေ့သည် ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးပြီးနောက် ချင်းပြည်နယ်၊ ဖလမ်းမြို့တွင်ကျင်းပသည့် ချင်းလူထုညီလာခံ၌ တိုက်သူကြီးစနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ချင်းပြည်သူတစ်ရပ်လုံးမှ ထောက်ခံခဲ့ကြသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

၂။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပင်လုံကတိကဝတ်များကို မျက်ကွယ်ပြုကာ အာဏာတည်မြဲရေးကိုသာရှေ့တန်းတင်သည့် အာဏာရှင်လူတစ်စုက လူမျိုးကြီးဝါဒဖြင့် ခေတ်အဆက်ဆက် သွေးခွဲအုပ်ချုပ်မှုများကြောင့် ချင်းလူမျိုးတို့၏ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဒီမိုကရေစီအရေးများ ဆုံးရှုံးနေခဲ့သည်မှာ ယနေ့အထိ ဝမ်းနည်းဖွယ်တွေ့မြင်နေရပါသည်။

၃။ ချင်းပြည်သူတစ်ရပ်လုံး ကိုယ်ပိုင်ပြဌာန်းခွင့်၊ တန်းတူညီမျှမှုနှင့် ဒီမိုကရေစီရရှိရေးအတွက် အာဏာရှင်များကို ခေတ်အဆက်ဆက်တော်လှန်တိုက်ပွဲဝင်ကြသည်ကို လေးစားဖွယ်တွေ့မြင်ရပါသည်။ အာဏာရှင်ဆန့်ကျင်ရင်း အမိချင်းလဲန်းအတွက် အသက်ပေးလှူခဲ့ကြသော ချင်းသူရဲကောင်းရဲဘော်များကိုလည်း ကျွန်ုပ်တို့က ဝမ်းနည်းဂုဏ်ယူစွာ အာဇာနည်များအဖြစ် အသိအမှတ်ပြုပါသည်။

၄။ ၂၀၂၁ ခုနှစ် ၊ စစ်အာဏာရှင်များ၏ မတရားသဖြင့် အာဏာသိမ်းမှုတွင် ချင်းကျောင်းသားအများစု တက်ရောက်ပညာသင်ယူသော ကလေးတက္ကသိုလ်ရှိ ကျောင်းသားတစ်ရပ်လုံးသည် ဌာနေချင်းလဲန်းအတွက် ဖက်ဒရယ်ဒီမိုကရေစီရရှိရေး၊ တန်းတူညီမျှရေး၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးကိုမျှော်ရည်ကာ ကျရာနေရာမှ အဆုံးထိတော်လျက်ရှိပါသည်။ တဆက်တည်းတွင် ဘုံရန်သူဖြစ်သည့် စစ်အာဏာရှင်စနစ် အမြတ်မပြတ်မချင်း အတူတကွလက်တွဲကာ တော်လှန်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းကတိပြုအပ်ပါသည်။

၅။ ယနေ့ကျရောက်သော (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ချင်းတစ်မျိုးသားလုံး လိုလားတောင့်တသော ဖက်ဒရယ်ဒီမိုကရေစီအပြည့်အဝရရှိရေး၊ တန်းတူညီမျှရေး၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးဟူသော ပင်လုံကတိကဝတ်ပါရည်မှန်းချက်များ အမြန်ဆုံးပြည့်ဝပြီး ချင်းအမျိုးသားတော်လှန်ရေး အောင်မြင်ပါစေကြောင်းဆန္ဒပြုရင်း ဤသဘောထားကို ထုတ်ပြန်လိုက်သည်။

အလုပ်မှုဆောင်အဖွဲ့

ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ကလ.တ.က.သ)